Karenni National Women Organization

Tel: (+66) 0 980 051 929, Email: knwocentral.org@gmail.com, P.O Box 31, Mae Hong Son 58000, Thailand.

**ကရင်နီအမျိုးသမီးအစည်းအရုံး(KNWO)၏ သမိုင်းကြောင်း**

မြန်မာစစ်အာဏာရှင်တို့၏ ကျူးကျော်မှုနှင့် ဖိနှိပ်မှုများဖြင့် ခေတ်အဆက်ဆက်အုပ်ချုပ်လာခဲ့ရာ ခါးသီးစွာ ကရင်နီ ပြည်သူတို့မှ ခံစားလာခဲ့ကြသည့် ကာလတစ်လျှောက်လုံးတွင် အဓိကမြေဇာပင်ဖြစ်ခဲ့ရသူများမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာစစ်အာဏာရှင်တို့အား ဆန့်ကျင်၍ ခုခံတော်လှန်ဆင်နွှဲနေသော ကရင်နီအမျိုးသားတို့၏ အခန်းကဏ္ဍတွင် အမျိုးသမီးတို့၏ အခန်းကဏ္ဍသည် တနည်းတဖုံ မဖြစ်မနေ လိုအပ်လာကြောင်းကို အတွေ့အကြုံအရ ကရင်နီအမျိုးသမီးများမှ သိရှိလာခဲ့သည်။ သို့ဖြစ်ပါ၍ တစ်ပြည်လုံး အတိုင်းအတာဖြင့် အမျိုးသမီးထုမှ ဘက်စုံပါဝင်လှုပ်ရှားလာနိုင်စေရန်နှင့် ကမ္ဘာ့ပြည်သူအသိုင်းအဝိုင်းမှ လူလူချင်း စာနာထောက်ထားမှုရှိလာစေရန်အတွက် ဦးတည်ပြီး အမျိုးသမီးခေါင်းဆောင်တစ်ချို့တို့မှ စတင်၍ ကရင်နီအမျိုးသမီးအစည်းအရုံး(KNWO)ကို ဖွဲ့စည်းခဲ့ပါသည်။

ယခင်ကာလတွင် လူအများပြောဆိုခဲ့အရ **"အမျိုးသမီးများသည်အားနွဲ့သောသူ"** ဟု ဆိုခဲ့သော်လည်း **" ပုခက်လွှဲသော မိခင်လက်သည် ကမ္ဘာကို အုပ်စိုးနိုင်၏"** ဟူသော စကားပုံနှင့်အညီ အမျိုးသမီးများ၏ ဘဝတိုးတက်မြင့်မားရေးအတွက် မည်သည့် လုပ်ငန်းများမဆို စည်းလုံးညီညွတ်စွာဖြင့် စနစ်တကျပါဝင် လုပ်ဆောင်ပါက ထိရောက်သော အောင်မြင်မှုများရရှိနိုင်သည်ကို အလေးအနက်ယုံကြည်ထားသည့်အတိုင်း အစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

အမျိုးသမီးလှုပ်ရှားမှုများနှင့် ပတ်သက်၍ ကရင်နီအမျိုးသမီးများအနေဖြင့် ၁၉၇၉ ခုနှစ်မှစ၍ အကောင်အထည်ဖော် လှုပ်ရှားခဲ့သော်လည်း အမျိုးသမီးအဖွဲ့အစည်းတစ်ရပ်အဖြစ် တရားဝင် ထိရောက်စွာ ဖွဲ့စည်းနိုင်ခဲ့ခြင်း မရှိပါ။ တစ်ဖန် ၁၉၈၁ ခုနှစ်တွင် အမျိုးသမီးသမဂ္ဂအနေဖြင့် ဖွဲ့စည်းခဲ့ပါသော်လည်း အခြေအနေ အမျိုးမျိုးကြောင့် ဆက်လက် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။

သို့ဖြစ်ပါ၍ ကရင်နီပြည်တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝလုံခြုံရေးကို အကာအကွယ်ပေးရန် နှင့် အမျိုးသမီးများ မိမိကိုယ်ကို ယုံကြည်မှု ပိုမိုရရှိစေရေး၊ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေးတွင် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်နိုင်ရေး စသည်တို့အတွက် စွမ်းရည်မြှင့်တင်ရေးနှင့် အမျိုးသမီးများ၏ လူနေမှုဘဝ မြှင့်တင်ရေး ဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်နေသည်ဖြစ်၍ ကရင်နီအမျိုးသမီးအစည်းအရုံးကို ၁၉၉၃-ခုနှစ်၊ မတ်လ (၁၀) ရက် နေ့တွင် ပြန်လည် ဖွဲ့စည်း ထူထောင်နိုင်ခဲ့ပါသည်။

ကရင်နီအမျိုးသမီးအစည်းအရုံးအနေဖြင့် ကရင်နီအမျိုးသမီးထုတစ်ရပ်လုံး၏ ဦးဆောင်ဦးရွက်မှု အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ ကရင်နီပြည်တွင် အမျိုးသမီးများ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ တန်းတူရေး၊ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ရာတွင် မူဝါဒများ ချမှတ်၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၇ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် ကရင်နီအမျိုးသမီး အစည်းအရုံး၏ ညီလာခံ၌ အတည်ပြု ပြဋ္ဌာန်းပြီး စတင်ကျင့်သုံးခဲ့ပါသည်။

----------------------------------------##################################----------------------------------------